
လင်းခန့်
မြူ

## မိတ်ဆက်

ယခုဝတ္ထုကို ၁၉၈၈ တွင် ထုတ်ဝေခဲ့သော Dark Forces အမည်ရှိ စာရေးဆရာ ၂၅ ယောက် ပါဝင်ရေးသားခဲ့သည့် ဝတ္ထုတိုစာအုပ်တွင် ပထမဆုံး ဖော်ပြခဲ့သည် ။ ထို့နောက် စတီဖင်ကင်း၏ Skeleton Crew အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် ထပ်မံဖော်ပြခဲ့သည် ။

ထိုစာအုပ်ရှိ မှတ်စုထဲတွင် သည် ဇာတ်လမ်းအား သူ၏ ကိုယ်တွေ့ကို အခြေတည်၍ ရေးသားခဲ့သည် ဟု ဆိုသည် ။ ဇာတ်လမ်းအစတွင် ပါရှိသည့် မုန်တိုင်းထန်သော အဖြစ်အပျက်အား ထိုစဉ်က သူကိုယ်တိုင်ကြုံခဲ့ပြီး နောက်တစ်နေ့၌ မြို့ထဲရှိ စူပါမားကတ် တစ်ခုကို သားငယ်နှင့်အတူ သွားခဲ့သည် ။ ဆိုင်ထဲတွင် မုန့်ဝယ်နေရင်း ဇာတ်လမ်းထဲတွင် ပါဝင်သည့် သတ္တဝါများကို စိတ်ကူးကြည့်နေရာ ငွေရှင်းရန် တန်းစီသော အချိန်၌ ဇာတ်လမ်းကျောရိုးကို ရရှိသွားလေသည် ။ ဇာတ်လမ်းထဲရှိ အချို့သော ဇာတ်ကောင်များမှာ ၁၈၈၈ ခုနှစ် မတ်လ ၁၁ ရက်မှ ၁၄ ရက်နေ့အတွင်း အမေရိကန်ပြည်နယ် မြောက်ပိုင်း၌ အမှန်တကယ် ဖြစ်ပွားခဲ့သော နှင်းမုန်တိုင်းကြီးကို ကြုံခဲ့ရသည့် လူများ ၏ အဖြစ်အပျက်ကို အခြေခံကာ ရေးဖွဲ့ခဲ့သည် ။

၂၀၀၇ ခုနှစ်တွင် ၎င်းမူရင်းအမည်နှင့် ပင် ရုပ်ရှင်ရိုက်သောအခါ ဒါရိုက်တာ ဖရန့်ခ်ဒါရာဘုန့်က ဇာတ်သိမ်းခန်းကို အသစ်ထပ်မံထည့်သွင်းခဲ့သည် ။ စတီဖင်းကင်းမှာ ထိုဇာတ်သိမ်းခန်းကို သဘောကျ

သဖြင့် ခွင့်ပြုပေးလိုက်သော်လည်း ဝတ္ထုကိုတော့ မူရင်းအတိုင်း မပြောင်းလဲဘဲ ထိုနှစ် အောက်တိုဘာလတွင် သီးသန့်လုံးချင်းဝတ္ထုအနေဖြင့် ထုတ်ဝေခဲ့သည် ။

အဓိက အချက်မှာ ရုပ်ရှင်သည် ဝတ္ထုကို အကျယ်ချဲ့၍ ဖြုတ်ပယ်ခြင်း ၊ ဖြည့်စွက်ခြင်းများ ပြုလုပ်ထားသည့် အတွက် နှစ်ခုလုံးကို အရသာ တစ်မျိုးစီ ခံစားလို့ ရပါကြောင်း ပြောလိုရင်း ဖြစ်ပါသည် ။ စတီဖင်ကင်း၏ ကိုယ်ရေးအကျဉ်းကိုတော့ 'ကမ္ဘာကျော်တို့ ၏ ဝတ္ထုတိုများ ' စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် ။

စတီဖင်ကင်းကို ၁၉၄၇ ခုနှစ် စက်တင်ဘာ ၂၁ ရက်နေ့တွင် အမေရိကန်နိုင်ငံ မိန်းပြည်နယ် ပေါ့တ်လန်းမြို့တွင် မွေးသည် ။ ရစ်ချတ်ဘာ့ခ်မန်း ဟူသော ကလောင်ခွဲနှင့် လည်း ဝတ္ထုများ ရေးသည် ။ သူသည် သည်းထိတ်ရင်ဖိုနှင့် လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းများ ရေးသားရာ၌ အလွန် နာမည်ကြီးသဖြင့် "သည်းထိတ်ရင်ဖို ဘုရင်" ဟု ပင် တင်စားကြသည် ။ ကမ္ဘာတစ်ဝှမ်း၌ သူ့စာအုပ်များကို ကော်ပီပေါင်း သန်း ၃၅၀ ကျော် ရောင်းချခဲ့ရသလို သူ့ဝတ္ထုတို၊ ဝတ္ထုရှည် အများ အပြားကို ရုပ်ရှင်များ ၊ တီဗွီဇာတ်လမ်းများ ၊ ရုပ်ပြများ အဖြစ် အသက်သွင်းခဲ့ကြပြီး ဖြစ်သည် ။

နှစ်နှစ်သား အရွယ်တွင် သူ့အဖေသည် စီးကရက်ဘူး သွားဝယ်မည် ဆိုကာ အိမ်မှ ထွက်သွားရာမှ ပြန်မလာတော့ဘဲ မိသားစုကို စွန့်ပစ်ခဲ့သည် ။ မိခင်ဖြစ်သူက သူနှင့် သူ့အစ်ကို ဒေးဗစ်ကို ငွေကြေးကျပ်တည်းစွာဖြင့် ပြုစုပျိုးထောင်ခဲ့ရပြီး ဝစ္စကိုဆင်၊ အင်ဒီယားနား၊ ကွန်နတီကတ် အစရှိသော မြို့များ သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည် ။

ငယ်စဉ်က စာရေးဆရာကြီး အိတ်ချ်ပီလပ်ဖ်ခရက်၏ The Lukers in

the Shadows အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်ကို ဖတ်မိရာမှ သည်းထိတ်ရင်ဖိုဇာတ်လမ်းများကို ဖန်တီးရန် စိတ်ကူးရခဲ့သည် ဟု အင်တာဗျူး တစ်ခုတွင် ဖြေခဲ့သည် ။ ဇာတ်လမ်း အများ စုကို သူ၏ မွေးရပ်မြေ မိန်းပြည်နယ်တွင် အခြေခံ ရေးသားလေ့ရှိသည် ။

***

## အခန်း (၁)
## မုန်တိုင်းကျလာခြင်း

နယူးအင်္ဂလန် မြောက်ပိုင်း၏ သမိုင်း၌ အဆိုးဝါးဆုံး အပူလှိုင်းကြီး ဖြတ်သွားသည့် ညသည် ဇူလိုင် ၁၉ ရက်တွင် ဖြစ်ပေါ်ခဲ့သည် ။ မိန်းပြည်နယ် အနောက်ပိုင်း တစ်ခုလုံး၌ မိုးကြိုးမုန်တိုင်းများ ဝင်းဝင်းလက်နေသည် မှာ မြင်ဖူးသမျှထဲ ကြောက်စရာ အကောင်းဆုံးပင်။

ကျွန်တော်တို့ က လောင်းလိတ်မြို့မှာ နေသည် ။ ရေပြင်ကို တိုက်ခတ်လာသော မုန်တိုင်းများကို ပထမဆုံး မြင်မိသော အချိန်က သိပ်တော့ မမှောင်သေး။ လွန်ခဲ့သော တစ်နာရီကပင် လေက ငြိမ်ချက်သား ကောင်းနေသည် ။ လှေအိမ်လေး ထိပ်ရှိ အလံတိုင်မှ အမေရိကန် အလံပင် တလူလူ လွင့်မနေဘဲ ငိုက်စိုက်ကျနေသည် ။ ထိုလှေအိမ်လေးကို အဖေက ၁၉၃၆ ခုနှစ်တွင် ဆောက်ခဲ့သည် ။

အပူဒဏ်သည် အစိုင်အခဲ တစ်ခုအလား။ မွန်းလွဲပိုင်းလောက်ကပင် ကျွန်တော်တို့ မိသားစု သုံးယောက် ရေဆင်းကူးလိုက်ကြသေးသည် ။

ရေနက်ပိုင်းထိ မငုပ်လျှင် အေးသည့် အရသာကို မခံစားရ။ သို့သော် သားလေး ဘီလီက မငုပ်နိုင်သောကြောင့် စတက်ဖီရော ကျွန်တော်ပါ ရေမငုပ်ကြ။ သူက အခုမှ အသက် ငါးနှစ်သာ ရှိသေးသည် ။

ညနေ ငါးနာရီခွဲလောက်ကျတော့ ဆိပ်ခံတံတားပေါ်၌ ဝက်ပေါင်ခြောက် အသားညှပ်မုန့်နှင့် အာလူးသုပ်ကို အဆာပြေ ထုတ်စားကြသည် ။ သို့သော် သံပုံးနှင့် ရေခဲစိမ်ထားသော ကိုလာ သောက်ဖို့ ကလွဲပြီး ဘာမှ သိပ်မစားချင်ကြ။

စားသောက်ပြီးတော့ ဘီလီက လက်လွှဲတန်းမှာ ခဏ သွားကစားသည် ။ စတက်ဖီနှင့် ကျွန်တော်က စကားသိပ်မပြောဖြစ်ပဲ ဆေးလိပ်သောက်ရင်း ကန်ရေပြင်ကို ထိုင်ငေးနေမိကြသည် ။ ကန်ရေပြင် ဟိုးတစ်ဖက်ဆုံးရှိ ဟာရစ်ဆင်န်မြို့ဘက်ခြမ်းတွင် စက်တပ်မော်တော်လေးများ ဟိုသည် မောင်းနှင်နေကြသည် ။ စိမ်းမြနေသော အဝေးရှိ မြင်ကွင်းသည် တဖြည်းဖြည်း မှုန်ဝါးလာသည် ။ အနောက်အရပ်တွင် ခရမ်းရင့်ရောင် တိမ်လိပ်ကြီးများက စစ်တပ် တစ်ခုလို တဖြည်းဖြည်း စုဝေးလာသည် ။ တိမ်စိုင်များ ထဲ၌ လျှပ်ပန်းလျှပ်နွယ်များ ပြိုးပြက်နေသည် ။

ဟိုဘက်အိမ်က ဘရန့်နော်တန်၏ ရေဒီယိုမှ ဂန္တဝင်တေးသွားသည် လျှပ်စီးကြောင့် တဂျစ်ဂျစ် မြည်သံ ကျယ်လောင်စွာ ထွက်လာသည် ။ ရေဒီယိုလိုင်းကို ဝါရှင်တန်တောင်ထိပ်မှ ထုတ်လွှင့်နေခြင်း ဖြစ်သည် ။ နော်တန်သည် နယူးဂျာစီမှ ရှေ့နေ တစ်ယောက် ဖြစ်သည် ။ သူက နွေရာသီကျမှ လောင်းလိတ်မြို့မှာ လာနေလေ့ရှိသည် ။ လွန်ခဲ့သော နှစ်နှစ်က ခြံနယ်နမိတ်ကိစ္စ အငြင်းပွားရာမှ သူနှင့် ကျွန်တော် မြို့နယ်တရားရုံးသို့ ရောက်ခဲ့ဖူးသည် ။ အမှုကို ကျွန်တော် နိုင်သည် ။ သူက နယ်ခံ မဟုတ်၍ ကျွန်တော် နိုင်ခြင်း ဖြစ်သည် ဟု နော်တန်က ပြောသည် ။

ယင်းမှ လွဲ၍ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ အခင်အမင် ပျက်စရာ မရှိချေ။

စတက်ဖီက သက်ပြင်း တစ်ချက်ချကာ ဘော်လီကြိုးကို ဆွဲတင်သည် ။ ကျွန်တော်က

"အတော်ကြမ်းမယ့် မုန်တိုင်း လာနေပြီ ထင်တယ်။ မင်းကို လန့်အောင် ပြောတာ မဟုတ်ဘူး နော်" ဟု ပြောလိုက်သည် ။ သူမက ကျွန်တော့်ကို မယုံသင်္ကာ ကြည့်ကာ

"မနေ့ညကရော တစ်နေ့ညကပါ မိုးတွေ ခြိမ်းတာပဲ ဒေးဗစ်ရဲ့ ။ မုန်တိုင်းက ပြီးသွားပါပြီ" ဟု ပြောသည် ။

"ဒီညတော့ မိုးခြိမ်းရုံတင် မဟုတ်ဘူး "

"မခြိမ်းတော့ဘူးပေါ့"

"ပိုဆိုးလာရင်တော့ အောက်ထပ်ဆင်းနေရမှာ နော်"

"ဘယ်လောက်မှာ ဆိုးမှာ မို့လို့ လဲရှင်"

ဒီရေကန်နားမှာ ပထမဆုံး အိမ်ဆောက်နေသူက ကျွန်တော့်အဖေဖြစ်သည် ။

အဖေနှင့် သူ့ညီအစ်ကိုတစ်တွေက နွေရာသီ အပန်းဖြေစခန်း အဖြစ် သည် အိမ်ကို ဆောက်ခဲ့ကြသည် ။ အိမ်လေးသည် ၁၉၃၈ ခုနှစ်တွင် နွေရာသီ မုန်တိုင်း တစ်ခုကြောင့် အုတ်နံရံပါမကျန် ပြိုကျခဲ့ပြီး လှေအိမ်လေးသာ ကျန်ရစ်ခဲ့သည် ။ ထိခိုက်ပျက်စီးရသည့် အကြောင်းရင်းမှာ သစ်ပင်များကြောင့် ပင်။ သစ်ပင်များက အိုလှပြီဖြစ်၍ လေကြမ်းသည် နှင့် လဲကုန်ကြသောကြောင့် ဖြစ်သည် ။ ဒါသည် ပင်မိခင်သဘာဝတရားကြီး၏ ရှင်းလင်းရေး လမ်းစဉ် တစ်ခု ဖြစ်မည်။ တ

စ်နှစ်ကြာပြီးနောက် အဖေက အိမ်ကြီး တစ်လုံး ပြန်ဆောက်သည် ။

မုန်တိုင်းကြီးများ အကြောင်း ဇာတ်လမ်းပေါင်း သုံးဆယ်လောက် ကျွန်တော် ကြားဖူးသည် ။

"မုန်တိုင်းက ဘယ်လို လာမလဲတော့ မသိဘူး။ အခုလောလောဆယ် ရေကန်ကို ဖြတ်တိုက်လာတဲ့ လေကတော့ အမြန်ရထား ဖြတ်သွားသလို ပဲ"

ခဏလောက်ကြာတော့ ဘီလီ ပြန်ရောက်လာသည် ။ လက်လွှဲတန်း ခိုရတာ ပျော်စရာလည်း မကောင်းဘူးဟု ဆိုသည် ။ ကျွန်တော်က သူ့ခေါင်းကို တစ်ချက် ပွတ်ကာ ကိုလာ တစ်ပုလင်း ပေးလိုက်သည် ။

လျှပ်စီးများ လက်နေသော တိမ်လိပ်များ သည် ကောင်းကင်ပြာကို မောင်းထုတ်ကာ ကျွန်တော်တို့ နား နီးလာသည် ။ အခုတော့ မုန်တိုင်း ကျတော့မည်ကို သံသယ ဖြစ်စရာ မလိုတော့။

နော်တန်က ရေဒီယို ပိတ်လိုက်သည် ။

ဘီလီကစတက်ဖီနှင့် ကျွန်တော့်ကြားတွင် လာထိုင်ကာ ကောင်းကင် ကို

မော့ကြည့်၍ အံ့ဩနေသည် ။

မိုးခြိမ်းသံ တဂျိန်းဂျိန်းက ရေကန်ကို ပဲ့တင်ထပ်၍ ထွက်ပေါ်လာသ ည် ။ တိမ်စိုင်အလိပ်များက တွန့်လိမ်လျက် ခရမ်းရင့်ရောင် ပြောင်းလို က်၊ နက်မှောင်သွားလိုက်ဖြင့် ရေကန်ပေါ် တဖြည်းဖြည်း အုပ်မိုးလာသ ည် ။ ဟိုးအဝေး၌ ရွှေ့ပြေးမိုးစက်လေးများ တဖွဲဖွဲ ကျလာသည် ကို ကျွန် တော်တို့ စောင့်ကြည့်နေကြသည် ။

လေ ခပ်ကြမ်းကြမ်း စတိုက်လာသဖြင့် အလံက လွင့်သွားလိုက် ပြန်

ကျသွားလိုက် ဖြစ်နေသည် ။ ထိုလေသည် ချွေးစိုနေသော ကျွန်တော်တို့ ခန္ဓာကိုယ်များကို လန်းဆန်းသွားစေသည် ။ သို့သော် မကြာမီ စိမ့်အေးလာသည် ။ မိုးဖွဲဖွဲ ကျလာသဖြင့် ရေကန်ကို ငွေပုဝါ ပါးပါးခြုံလိုက်သည့်နှယ်။ ဟိုးအဝေးရှိ စက်တပ်မော်တော်ယာဥ်လေးများကို မြင်ကွင်းမှာ မတွေ့ရတော့။ ဘီလီက ခုံမှာ ထိုင်နေရာမှ ထ၍

"ဖေဖေ ဟိုမှာ ကြည့်စမ်း" ဟု ပြောသည် ။ ကျွန်တော်က မတ်တတ်ထကာ သူ့ပခုံးကို ဖက်၍

"အထဲဝင်ကြရအောင်" ဟု ပြောလိုက်သည် ။

"ဖေဖေ တွေ့လား။ အဲဒါ ဘာလဲဟင်"

"ရေဝဲကလေးပါ သားရဲ့ ။ အထဲဝင်ကြစို့နော်"

စတက်ဖီက ကျွန်တော့်မျက်နှာပေးကို ဖျတ်ခနဲ ကြည့်ကာ

"ကဲပါ ဘီလီရယ်။ ဖေဖေ ပြောသလို လုပ်လိုက်နော်" ဟု ပြောသည် ။

ကျွန်တော်တို့ ဘေးတိုက်လျှောတံခါးကို ဖွင့်ကာ ဧည့်ခန်းထဲ ဝင်လိုက်ကြသည် ။ ကျွန်တော်က တံခါး ပြန်မပိတ်မီ အပြင်ကို တစ်ချက် ကြည့်လိုက်မိသည် ။ ငွေပုဝါသည် ရေကန်၏ လေးပုံသုံးပုံကို ဖုံးထားလေပြီ ။ မည်းမှောင်သော ကောင်းကင်သည် တအိအိ နိမ့်ဆင်း လာပြီး ကန်ရေပြင်က ခဲရောင်ပေါက်လာသည် ။ ရေကန်သည် သမုဒ္ဒရာလို အသည်းထိတ်ဖွယ်ရာ လှိုင်းတံပိုးထန်လာသဖြင့် ဆိပ်ခံတံတားကို ရိုက်ခတ်သွားသော လှိုင်းခေါင်းဖြူတို့ မှာ အမြုပ် တစီစီ ထကျန်ခဲ့သည် ။

ရေလယ်ခေါင်တွင် ဝိုင်းလာသော ရေဝဲကတော့ကို ကြည့်ရင်း စိတ်ညို့အိပ်မွေ့ချခံရသလိုလို။ လျှပ်စီးတစ်ပြက် ဝင်းခနဲ လက်သွားစဉ် ဓါတ်

ပုံရိုက်ခံလိုက်ရသည့် အလား မျက်လုံးထဲတွင် စက္ကန့်သုံးဆယ်ခန့် ပြာဝေသွားသည် ။ တယ်လီဖုန်းမှ ကလင်ခနဲ တစ်ချက် ထမြည်သည် ။ ဇနီးသည် နှင့် သားကို လှမ်းကြည့်တော့ မှန်ပြူတင်းပေါက်ကြီးမှ တဆင့် အပြင်ဘက်သို့ မတ်တတ်ရပ်ကာ  လှမ်းကြည့်နေသည် ကို တွေ့ရသည် ။ သူတို့နေရာမှ ဆိုလျှင် ရေကန်၏ အနောက်မြောက်ဘက် မြင်ကွင်းကို တိုက်ရိုက် မြင်နေရပေမည်။

သူတို့ ကြည့်နေသည့် နေရာအား အကယ်၍ မိုးကြိုးများ ပစ်ချလိုက်လျှင် ဟူသည့် အတွေးကြောင့် ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားသည် ။ ယင်းသို့ဆိုလျှင် မှန်ကွဲစများက ဇနီးသည် ၏ ဝမ်းဗိုက်ဗလာနှင့် သားငယ်၏ မျက်နှာ၊ လည်ပင်းတို့ ဆီ မြားနှင့် ပစ်လွှတ်လိုက်သကဲ့သို့ စိုက်ဝင်နေချေတော့မည်။ ကျွန်တော်က သူတို့ နှစ်ယောက်စလုံးကို ပြူတင်းပေါက်မှ ဝေးရာသို့ ခပ်ကြမ်းကြမ်း ဆွဲခေါ်၍

"ဘာလုပ်နေကြတာလဲ။ အဲဒီနားက ဝေးဝေးနေလေ" ဟု ပြောလိုက်သည် ။

စတက်ဖီက ကျွန်တော့်ကိုအလန့်တကြား ကြည့်သည် ။ ဘီလီက အိပ်မက်မက်နေရာမှ လန့်နိုးသွားသလို ဆတ်ခနဲ မော့ကြည့်သည် ။ ကျွန်တော်က သူတို့ အား မီးဖိုချောင်ထဲ ခေါ်သွားသည် ။ မီးခလုတ်ကို ဖွင့်လိုက်စဉ် ဖုန်းမှ ကလင်ခနဲ ထမြည်ပြန်သည် ။

လေကြမ်းလာချေပြီ။ အိမ်ပေါ်သို့ ဘိုအင်းလေယာဉ်ကြီး ဆင်းသက်လာသယောင် ဝေါခနဲ အသံကြီး ထွက်လာသည် ။ မိုးသံလေသံတို့ သည် အသက်မရှူဘဲ ဆက်တိုက် လေချွန်နေသလိုလို၊ တစ်ခါတစ်ရံတွင် စူးရှစွာ အော်ဟစ်နေသည့် အလား။ ကျွန်တော်က စတက်ဖီ့ကို

"အောက်ထပ်မှာ ဆင်းနေ" ဟု ပြောရသည် ။

ထိုစကားလေး ကြားရဖို့ ကိုယ့်ဘာသာ မနည်း အော်ပြောနေရသည် ။ အိမ်အပေါ်တည့်တည့်သို့ ဂျိန်းခနဲ မိုးကြိုးပစ်ချလိုက်သံ ထွက်လာသောအခါ ဘီလီက ကျွန်တော့်ခြေထောက်ပေါ် ကျုံ့ကျုံ့ကလေး လာမှီသည် ။ စတက်ဖီက

"ရှင်လည်း လိုက်ခဲ့လေ" ဟု ပြန်အော်ပြောသည် ။

ကျွန်တော်က ခေါင်းညိတ်ပြကာ သွားသာသွား ဟူသော အမူအယာ လုပ်ပြလိုက်ပြီး ဘီလီ့ကို ခြေထောက်မှ ခွာထုတ်၍

"မေမေနဲ့ လိုက်သွား သား။ မီးပျက်ရင် ထွန်းဖို့ ဖေဖေ ဖယောင်းတိုင် သွားယူလိုက်ဦးမယ်" ဟု ပြောရသည် ။

ဘီလီ သူ့မနှင့် လိုက်သွားတော့ အံဆွဲများကို လိုက်ဖွင့်၍ ဖယောင်းတိုင် လိုက်ရှာရသည် ။ ဖယောင်းတိုင်ဆိုသည် ကလည်း လိုချင်လျှင် ဘယ်တော့မှ ရှာမတွေ့။ လေးခုမြောက် အံဆွဲထဲ လက်နှိုက်ရှာတော့ လွန်ခဲ့သော လေးနှစ်က စတက်ဖီနှင့် ကျွန်တော် ဝယ်ထားသည့် ဆေးခြောက်ရွက်များကို စမ်းမိသည် ။ အော်ဘန်နော့ဗက်တီဆိုင်မှ ဘီလီ ဆော့ဖို့ ဝယ်လာသည့် အံကပ်သွားတု အရုပ်ကိုလည်း စမ်းမိသည် ။

ဓါတ်ပုံစာအုပ်ထဲ ကော်ဖြင့် ကပ်ရန် စတက်ဖီ မေ့ကျန်နေသည့် ဓါတ်ပုံဟောင်း အထပ်လိုက် ကိုလည်း စမ်းမိသည် ။ ကတ်တလောက် စာအုပ်အောက်ကို ကြည့်သော်လည်း ဖယောင်းတိုင်ကို မတွေ့။ ဖရေးဘတ်ဈေးရောင်းပွဲတော်၌ သစ်သားပုလင်းများကို တင်းနစ်နှင့် ပစ်၍ နိုင်လာသော ထိုင်ဝမ်လုပ် ကလေးအရုပ် အနောက်ကို ကြည့်လိုက်မိတော့မှ မှန်ကြည်စက္ကူ ထုပ်လျက်သားနှင့် ကိုယ်တော်ချော ဖယောင်းတိုင်များကို အခန့်သား တွေ့ရသည် ။

ကျွန်တော် ဖယောင်းတိုင်ထုပ်ကို လှမ်းယူလိုက်စဉ်မှာ ပင်

မီးပျက်သွားသည် ။ လျှပ်စစ်ဟူ၍ ကောင်းကင်မှ လျှပ်စီးများ သာ ရှိတော့သည် ။ မီးဖိုချောင်သည် လျှပ်စီးလက်သောကြောင့် ဓါတ်ပုံ တဖျပ်ဖျပ် အရိုက်ခံနေရသကဲ့သို့ တစ်ချက် တစ်ချက် လင်းချင်းသွားသည် ။ အောက်ထပ်ကို ဆင်းရန် ပြင်လိုက်စဉ် ဘီလီ၏ ငိုသံသဲ့သဲ့နှင့် စတက်ဖီ ချော့မော့နေသံကို ကြားရသည် ။ မုန်တိုင်း အခြေအနေကို နောက်တစ်ခေါက်လောက်တော့ တက်ကြည့်မှ ဖြစ်မည်။

အပြင်ဘက်ရှိ ရေကန်ဆီသို့ ကိုက်နှစ်ဆယ်လောက်အထိသာ မြင်ရသည် ။ ကန်ရေပြင် တစ်ခုလုံး ဖြောင်းဆန်နေသည် ။ ဒေါသလှိုင်း ထန်နေသော မိုးနှင့် လေကြောင့် ဆိပ်ခံတံတား တစ်ခု တစ်စီ ပြောင်းပြန်လန်ကာ ရေထဲသို့ ကျိုးပျက်နစ်မြုပ်သွားသည် ကို တွေ့လိုက်မိသည် ။ ဂျက်ဆာမိသားစု၏ ဆိပ်ခံတံတား ဖြစ်မည် ထင်သည် ။

ကျွန်တော် အောက်ထပ် ဆင်းလာတော့ ဘီလီက ပြေး လာပြီး ခြေထောက်မှာ ကပ်နေသည် ။ ကျွန်တော်က သူ့ကို ဆွဲမ၍ ချီထားလိုက်ပြီး ဖယောင်းတိုင် ထွန်းသည် ။ အောက်ထပ်သည် ကျွန်တော် ပန်းချီဆွဲလေ့ရှိသော စတူဒီယိုခန်းလေး ဖြစ်သည် ။ ဖယောင်းတိုင်မီးဝါလေး တယိမ်းယိမ်းဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အိမ်ကို စိတ်တိုင်းကျ ထုနှက်နေသော မုန်တိုင်းသံကို ထိုင်နားထောင်ကြသည် ။ မိနစ် နှစ်ဆယ်လောက်ကြာတော့ အနီးအနားရှိ ဝက်သစ်ချပင်ကြီး တစ်ပင် ဂျိုးဂျိုးဂွျတ်ဂွျတ် မြည်ကာ လဲကျသံကို ကြားလိုက်ရသည် ။ ထို့နောက် မိုးသံလေသံတို့ စဲလာသည် ။ စတက်ဖီက

"ပြီးသွားပြီလား မသိဘူး" ဟု မေးသည် ။

"ဟုတ်မယ်။ ခဏ ငြိမ်သွားတာ ဖြစ်မယ်"

ကျွန်တော်တို့ ဖယောင်းတိုင် တစ်ယောက် တစ်တိုင် ကိုင်၍ အပေါ်

ပြန်တက်သည် ။ မသိလျှင် ဆီမီးပူဖော်မည့် ဘုန်းကြီးများ လိုလို။ ဘီလီကတော့ ဖယောင်းတိုင် ကိုင်ရသည် ကို ဂုဏ်ရှိဘိအလား ဂရုတစိုက် ကိုင်ရှာသည် ။ သူ့အဖို့ မီးညှိထားသော ဖယောင်းတိုင်ကို ကိုင်ရသည် မှာ ရတောင့်ရခဲ အခွင့်အရေး တစ်ခုနှယ်။ ယင်းသို့ ကိုင်ရသောကြောင့် ကြောက်နေသည် ကိုပင် သူ မေ့နေသည် ။

အိမ်နားပတ်လည်မှာ ဘာတွေ ဖြစ်ကုန်သည် ကို ကြည့်ဖို့ မှောင်လွန်းလှသည် ။ ဘီလို့အိပ်ချိန်ကိုပင် ကျော်နေသော်ငြား သူ့ကို ဘယ်သူမှ အိပ်ဖို့ မတိုက်တွန်းမိကြ။ ကျွန်တော်တို့ ဧည့်ခန်းထဲမှာ ထိုင်၍ မိုးသံလေသံကို နားစွင့်ကြည့်ကြသည် ။ လျှပ်စီးကတော့ တဖျပ်ဖျပ် လက်တုန်း။

တစ်နာရီကျော်လောက် ကြာတော့ မိုးသံလေသံက တစ်ဖန် ပြန်ညံလာသည် ။ အပူချိန်သည် သုံးပတ်လောက် ကြာအောင် ကိုးဆယ်ဒီဂရီ ကျော်နေခဲ့သည် ။ ကြားထဲက ခြောက်ရက်လောက်တွင် ပေါ့တ်လန်းမြို့ရှိ အမျိုးသားမိုးလေဝသဌာနမှ အပူချိန် တစ်ရာဒီဂရီ ကျော်နေပြီဖြစ်ကြောင်း သတင်းအစီရင်ခံတာ ကြားရသည် ။ မိုးနဲ့ နွားသိုး အစိုးမရဟူသည့် စကားပုံအတိုင်းပင်။

ဒုတိယအခေါက် လေသည် ခုနကလောက် မကြမ်းတမ်းတော့။ ပထမအခေါက်မှာ ကြမ်းရမ်းခဲ့သော မိုးသက်လေပြင်းကြောင့် အားနည်းကုန်သည့် သစ်ပင်များ ၏ ပြိုလဲသံကို ကြားရသည် ။ လေပြင်းတစ်ချက် အဝေ့တွင် ခေါင်မိုးပေါ်မှ လက်သီးဆုပ်ဖြင့် ထုချလိုက်သလို အုန်းခနဲ အသံကြီး ထွက်လာသည် ။ ဘီလီက လန့်ဖျပ်၍ ထခုန်ကာ စိုးရိမ်တကြီး မော့ကြည့်သည် ။

ကျွန်တော်က

"အမိုးက ခိုင်ပါတယ် သားရယ်" ဟု ပြောတော့ သူက စိတ်လျှပ်ရှားစွာ ပြုံးသည်။

ဆယ်နာရီလောက်တွင် နောက်ဆုံးအခေါက်အဖြစ် လေကြီးမိုးကြီး ကျလာသည် ။ လေသည် ပထမဆုံး အခေါက်ကအတိုင်း ကျယ်လောင်စွာ အော်ညည်းလျက်။ လျှပ်စီး လက်လိုက်သည် ကလည်း ဘေးမှ ဓါတ်ပုံဝိုင်းရိုက်နေသလား မှတ်ရသည်။ သစ်ပင်တွေ ထပ်လဲကျ သည်။ ရေကန်ဘက်မှ ဝေါခနဲ ကျဆင်းသွားသည့် ရေသံကြောင့် စတ က်ဖို့ဆီမှ ထိတ်လန့်သံ ခပ်တိုးတိုး ထွက်လာသည်။ ဘီလီကတော့ သူမ ပေါင်ပေါ်မှာ အိပ်ပျော်သွားသည်။

"အဲဒါ ဘာဖြစ်တာလဲ ဒေးဗစ်"

"လှေအိမ်က ထွက်လာတဲ့ အသံ ဖြစ်မယ်"

"အို...။ ဘုရား ဘုရား"

"ကိုယ်တို့ အောက်ထပ်မှာ ပဲ ပြန်ဆင်းနေစေချင်တယ် စတက်ဖီ"

ကျွန်တော်က ဘီလီ့ကို ပွေ့ချီကာ မတ်တတ်ထရပ်လိုက်သည်။ စတ က်ဖီ ကြောက်လန့်ကာ မျက်လုံးပြူးသွားသည်။

"ကျွန်မတို့ အဆင်မှ ပြေပါ့မလား ဒေးဗစ်ရယ်"

"ပြေပါတယ်"

"တကယ်လားဟင်"

"တကယ်ပေါ့"

သို့နှင့် အောက်ထပ်သို့ ပြန်ဆင်းကြသည်။ ဆယ်မိနစ်လောက်ကြာ တော့ မိုးသက်လေပြင်းက အထွတ်အထိပ် ရောက်လာသည်။ အပေါ်ထ

ပ်ရှိ ပြတင်းပေါက်မှ ခွမ်းခနဲ အသံ ကြားရသည် ။ ကျွန်တော့်တွက်ကိန်း မှန်သွားတာ ဖြစ်မည်။ ထိုအသံကြောင့် အိပ်ငိုက်နေသော စတက်ဖီ လန့် နိုးကာ တုန်သွားသည် ။ ဘီလီကတော့ ခပ်မြန်မြန် ပြင်၍ သိပ်ထား သော အိပ်ရာပေါ်မှာ တလူးလူး တလွန့်လွန့်။ သူမက

"မိုးရေတွေ အထဲဝင်လာရင် ပရိဘောဂတွေ ပျက်စီးကုန်တော့မှာ ပဲ" ဟု ပြောသည် ။

"ဝင်ရင်တော့ ပျက်မှာ ပေ့ါ။ အာမခံထားတာပဲကို"

ကျွန်တော့်အပြောကို သူမက စိတ်ဆိုးသွားကာ ပူညံပူညံဖြင့်

"အာမခံထားတာ ဘာများ ပိုကောင်းလို့ လဲ။ ဆိုဖာကလည်း အသစ်ကြီး ရှိသေးတာ။ ရှင့်အမေရဲ့ အဝတ်ဗီရို၊ ကာလာတီဗွီ..." ဟု ပြောလိုက်စဉ် ကျွန်တော်က

"ရှူး...။ အိပ်တော့နော်" ဟု ပြောလိုက်သည် ။

"မအိပ်နိုင်ပါဘူးတော်"

နောက်ငါးမိနစ်ကြာတော့ သူမ အိပ်ပျော်သွားသည် ။ ကျွန်တော်က တော့ ဖယောင်းတိုင်ကို အဖော်ပြုကာ နာရီဝက်လောက် ဆက်နေပြီး မိုးခြိမ်းသံကို နားထောင်နေမိသည် ။ မနက်ကျရင် အာမခံရုံးကို လူများ စွာ ဖုန်းလှမ်းဆက်ကြလိမ့်မည်။ အိမ်ခေါင်မိုးပေါ်ကျနေသော သစ်ပင်များကို ခုတ်ကြ ထစ်ကြသည့် လွှစက်သံများ လည်း ညံနေလိမ့်မ ည်။ လိမ္မော်ရောင် စီအမ်ပီထရပ် ကားကြီးများ စွာလည်း လမ်းမမှာ ပြ ည့်နေလိမ့်မည်။ ဒါကို သူ့စိတ်ထဲမှာ ကြိုမြင်နေသည် ။

အခုတော့ မုန်တိုင်းက ပါးသွားသည် ။ မိုးသက်လေပြင်း ထပ်ကျမည့် အရိပ်အယောင်လည်း မပြတော့။ ကျွန်တော်က အိပ်ရာပေါ်မှ စတက်ဖီ

နှင့် ဘီလီကို ထားရစ်ကာ အပေါ်ထပ် ပြန်တက်၍ ဧည့်ခန်းကို ကြည့်သည် ။ ဘေးတိုက်လျှောတံခါးကတော့ အကောင်းပကတိ။ သို့သော် မှန်ပြတင်းနေရာတွင် သစ်ရွက်များ ကပ်ငြိကာ အပေါက်ကြီး ဖြစ်နေသည် ။ ၎င်းမှာ အိမ်အပြင်ဘက်ရှိ သစ်ပင်အိုကြီး၏ ထိပ်ဖျားပင်။ အခုတော့ သစ်ပင်ကြီး၏ ထိပ်ဖျားနှင့် ကျွန်တော်တို့ ဧည့်ခန်း မိတ်ဆက်ကြချေပြီ။

စတက်ဖီ ပြောသည့် အာမခံထားလည်း ဘာများ ပိုကောင်းလို့ လဲဟူသော စကားကို အခုမှ နားလည်သွားရသည် ။ ဤသစ်ပင်ကြီးကို ကျွန်တော် မြတ်နိုးခဲ့ဖူးပါသည် ။ ဤသစ်ပင်ကြီးသည် ဆောင်းရာသီများ ၌ ကျွန်တော့်ဘေးမှ မားမားမတ်မတ် ရပ်တည်ပေးခဲ့သော အဖော် ဖြစ်ခဲ့သည် ။ ကျွန်တော့်လွှစက်စာအောက်မှ လွတ်ငြိမ်းခွင့် ရသော တစ်ပင်တည်းသော အပင်ကြီး။ ကြမ်းခင်းကော်ဇောပေါ်မှ မှန်ကွဲစကြီးများမှ ကျွန်တော့်ဖယောင်တိုင်မီးရောင်က ရောင်ပြန်ဟပ်နေသည် ။စတက်ဖီနှင့် ဘီလီ့ကို ဖိနပ်စီးဖို့ မနက်ကျ သတိပေးထားမှ ဖြစ်မည်။ တော်ကြာ ခြေဗလာနဲ့ လျှောက်သွားနေမှ ဖြင့်။

ကျွန်တော် အောက်ထပ် ပြန်ဆင်းကာ သုံးယောက်သား အိပ်ရာပေါ်မှာ အိပ်စက်လိုက်ကြသည် ။ ဘီလီ့ကို စတက်ဖီနှင့် ကျွန်တော့်ကြားမှာ ထားသည် ။ အိပ်မက်ထဲမှာ တစ်ဖက်ကမ်းမှ ဘုရားသခင်သည် ရေကန်ထဲမှ ဖြတ်လျှောက်လာတာ မြင်ရသည် ။ ဘုရားသခင်သည် ကြီးမားလွန်းသဖြင့် ရေကန်က သူ့ခါးလယ်သာ ရှိသည် ။ သစ်တောအုပ်ပေါ် ဘုရားသခင် နင်းချလိုက်သဖြင့် ထွက်လာသော သစ်ပင်များ ကျိုးကြေသံ ဂျိုးဂျိုးဂွတ်ဂွတ်ကိုပင် အိပ်မက်ထဲမှာ ကြားရသည် ။ သူက ရေကန်ကြီးကို ပတ်လျှောက်နေရာ ကျွန်တော်တို့ အိမ်ရှိရာကိုလည်း ရောက်သည် ။ ဘရင်တန်မြို့ဘက်ကိုလည်း ရောက်သည် ။ ရေကန်စပ်မှ အိမ်များ ၊ တစ်ထပ်တိုက်လေးများ ၊ နွေရာသီ အပန်းဖြေ စခန်းလေးများ သည် လျှပ်

စီးလက်သကဲ့သို့ အဖြူရောင် မီးတောက်အသွင်ပြောင်း၍ ဖြောင်းခနဲ မြည်ကာ ပေါက်ကွဲသွားကြပြီး အခိုးအငွေ့ ဖြစ်သွားကြသည် ။ ဘုရားသခင်က ကြည်လင်ပြာလဲ့သော ကောင်းကင်ထဲ ဝင်ရောက်ပျောက်ကွယ်သွားသည် ။ ထို့နောက် အရာအားလုံးကို မြူနှင့်တူသော မီးခိုးငွေ့များကသာ လွှမ်းခြုံကျန်ရစ်ခဲ့လေသည် ။

***